ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၀၃ ခုနှစ်၊ ပြစ်မှုကြီး မှုအမှတ် – ၁၁၁

ဒုရဲမှူး ရဲညွန့် --------- တရားလို
နှင့်

| | | | |
|---|---|---|---|
| ၁။ နိုင်ယက္ခ | (ခ) နေဝင်း ----- | | တရားခံများ |
| ၂။ ရွှေမန်း | (ခ) ဇေယျာဦး | | |
| ၃။ ဇာနိုင်ထွန်း | (ခ) ဖြူလေး | | |
| ၄။ ဇော်မျိုးထက် | (ခ) ဇော်ဇော် | | |
| ၅။ မျိုးထွေး | (ခ) ချင်းဂကောင်း | | |
| ၆။ မင်းကြည် | (ခ) နိုင်မင်းကြည် | | |
| ၇။ ဇော်သက်ထွေး | (ခ) သက်ဇော် | | |
| ၈။ အောင်လွှန်း | | | |
| ၉။ အေးမြင့် | (ခ) မြင့်အေးမောင် | | |

တရားလိုအတွက် --------------- ဒေါ်ခင်မြတ်သူ၊ ဒုခရိုင်ဥပဒေအရာရှိ
တရားခံများအတွက် -------------- ( ၁ မှ ၅ ထိ ၇ ၊ ၈ ) ဦးစန်းမြင့်တင်
တရားရုံးချုပ်ရှေ့နေ။
(၆ နှင့် ၉ ) ( ကိုယ်တိုင် )

<u>ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ– ၁၂၂ ( ၁ ) အရစွဲဆိုမှု။</u>

## စီရင်ချက်

ရက်စွဲ။ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ၊ ( ၂၈ ) ရက်။

ဤအမှုမှာ တရားခံများ ဖြစ်ကြသော နိုင်ယက္ခ (ခ) နေဝင်းပါ (၉) ဦးအပေါ်၊ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့် အရေးယူပေးရန် သတင်းတပ်ဖွဲ့မှ ဒုရဲမှူးရဲညွန့်မှ ဦးတိုက်လျှောက်ထား တရားစွဲဆိုသော အမှုဖြစ်သည်။ ရုံးတော်မှတရားခံများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၂ (၁) အရ အမှုဖွင့် အရေးယူခဲ့သည်။

သတင်းတပ်ဖွဲ့မှဒုရဲမှူး ရဲညွန့် (လိုပြ– ၁)က နိုင်ယက္ခ (ခ) နေဝင်း၊ ( ၁– တရားခံ) ၊ ရွှေမန်း (ခ) ဇေယျာဦး ( ၂ – တရားခံ )၊ ဇာနိုင်ထွန်း (ခ) ဖြူလေး ၊ (၃ –တရားခံ) ၊ ဇော်မျိုးထက် (ခ) ဇော်ဇော် ( ၄ –တရားခံ ) ၊ မျိုးထွေး (ခ) ချင်းဂကောင်း ( ၅– တရားခံ )၊ မင်းကြည် (ခ) နိုင်မင်းကြည် ( ၆ – တရားခံ)၊ ဇော်သက်ထွေး (ခ) သက်ဇော် (၇ – တရားခံ ) ၊ အောင်လွှန်း ( ၈ – တရားခံ ) နှင့် အေးမြင့် (ခ) မြင့်အေးမောင် ( ၉ –တရားခံ) တို့သည် ၂၀၀၃ ခုနှစ်၊ ဇူလိုင်လအတွင်းက ပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းများသို့ဝင်ရောက်ခြင်း၊ လူထုအုံကြွမှုဖြစ်စေရန် ယူဂျီလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆန့်ကျင်ဘက်အဖွဲ့သို့ တယ်လီဖုန်းဖြင့်ဆက်သွယ်ခြင်း၊ ဆက်သွယ်လာသည်ကို လက်ခံပြောဆိုခြင်း၊

နိုင်ငံတော်အစိုးရနှင့် စပ်လျဉ်းသည့် လုပ်ကြံသတင်းများကိုစုဆောင်းပြီး၊ အခကြေးငွေယူ၍ ပေးပို့ခြင်း၊ ပုဂံရှိ ရှေးဟောင်း သုတေသနပြတိုက်တွင် ချိန်ကိုက်ဗုံးထောင်ခြင်း၊ ရန်ကုန်မြို့ရှိ မြို့တော်ခန်းမ၊ သူရဲကောင်းစစ်သည်ဗိမ္မာန်၊ နိုင်ငံတော်အကြီးအကဲများ၏ နေအိမ်များကို ဖောက်ခွဲဖျက်ဆီးရေးလုပ်ရန် လိုက်လံကြည့်ရှုခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ နိုင်ယက္ခ (ခ) နေဝင်း ၊ ရွှေမန်း (ခ) ဇေယျာဦးနှင့် ဇာနိုင်ထွန်း (ခ) ဖြူလေးတို့ထံမှ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများတွင် အသုံးပြုသည့် လက်ပစ်ဗုံး၊ ပေါက်ကွဲမှုပြင်းထန်သော ပလတ်စတစ်ဗုံး၊ ဓာတ်ပုံအယ်လ်ဘမ်ဗုံး ၊ ကွန်ပါဗူးဗုံးနှင့်၊ ယမ်းပြား၊ ယမ်းတောင့်များ၊ ပိုက်လေ့စာတမ်းပါ ဘောလ်ပင်ဗုံးများကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ၎င်းတို့၏ အပြုအမူဆောင်ရွက်ချက်များသည် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကို ကျူးလွန်ကြောင်း ပေါ်ပေါက်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၁၂၂(၁) အရ အရေးယူပေးရန် ဦးတိုက်လျှောက်ထား စွဲဆိုရခြင်းဖြစ်ကြောင်း ထွက်ဆိုသွားသည်။ ဦးတိုက်လျှောက်လွှာကို သက်သေခံ (က) အဖြစ် တင်ပြထားသည်။

ဒုရဲအုပ်သန်းထွန်းဦး (လိုပြ–၂) မှာ တပ်မတော်ထောက်လှမ်းရေးနှင့် ပူးပေါင်း၍ တရားခံများအား စစ်ကြောရာတွင် ပါဝင်သူဖြစ်သည်။ တရားခံများအား စစ်ဆေးချက်များကို သက်သေခံ(ခ) မှ (ခ–ဂ) အထိတင်ပြ ထားသည်။

ဒုရဲအုပ်သန်းဦး (လိုပြ–၃) မှာ ကြို့ပင်ကောက်မြို့နယ်ရဲစခန်းမှ ဖြစ်သည်။ ကြို့ပင်ကောက်မြို့နယ်၊ ဥက္ကံစုရွာနေ ဦးရွှေလှဆိုသူ၏နေအိမ်မှ သက်သေခံယမ်းပြား၊ စနက်တံ၊ ယမ်းတောင့်စသည်များကို သက်သေခံ (ဂ) ရှာဖွေပုံစံဖြင့်လည်းကောင်း၊ တရားခံဇာနိုင်ထွန်း (ခ) ဖြူလေး၊ (၃–တရားခံ) ၏နေအိမ်မှ ပိုက်လေ့စာတမ်းပါ ဘောလ်ပင်မိုင်းဗုံးတစ်လုံးအား သက်သေခံ (ဃ) ရှာဖွေပုံစံဖြင့်လည်းကောင်း၊ သိမ်းဆီးခဲ့သူဖြစ်သည်။ ဘောလ်ပင်ဗုံး၊ စီးကရက်ဗူးခွံနှင့် စနက်တံများကို သက်သေခံ(င) (င–၁) ဓာတ်ပုံမှတ်တမ်းများဖြင့် ပြသထားသည်။ ယင်းပစ္စည်းများကို အပ်ပေးသူမှာ တရားခံဖြူလေး (ခ) ဇာနိုင်ထွန်းဖြစ်သည်။

ဒုရဲအုပ်ဝင်းကျော်(လိုပြ–၄) မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (သတင်းတပ်ဖွဲ့) ရန်ကုန်တိုင်းမှဖြစ်သည်။ ၎င်းသည် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ မလွှကုန်းလမ်း၊ တိုက်အမှတ် (၄) ပထမထပ်၊ ဝဲဘက်ခန်းအတွင်းမှ ဖောက်ခွဲရေးပစ္စည်းများဖြစ်သော လက်ပစ်ဗုံး (၃) လုံး၊ ပေါက်ကွဲမှုပြင်းထန်စေသော ယမ်းပြားပါဝင်သည်ဟု ယူဆရသည့် ဓာတ်ပုံအယ်လ်ဘန် (၃) ခုနှင့် ကွန်ပါဘူး (၂) ဗူးတို့ကို သက်သေခံ (စ) ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ ယင်းပစ္စည်းများကို အပ်ပေးသူမှာ တရားခံနိုင်ယက္ခ (ခ) နေဝင်း ဖြစ်သည်။ အဆိုပါပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံများကိုလည်း သက်သေခံ (စ–၁) မှ (စ–၈) အထိလည်းကောင်း၊ ပစ္စည်းများကိုထည့်သွင်းထားသည့် ထင်းရှူးသေတ္တာပုံးနှင့် ချိန်ကိုက်ဗုံးများအား တပ်ဆင်အသုံးပြုပုံ သရုပ်ပြမှတ်တမ်းဓါတ်ပုံကိုလည်း သက်သေခံ (စ–၉) အဖြစ် တင်ပြထားသည်။

ဒုရဲအုပ်ဝင်းကျော်ကပင် ပဲခူးမြို့၌ တရားခံရွှေမန်း (ခ) ဇေယျာဦးထံမှ အမှုနှင့်သက်ဆိုင်သည့် ဂြိုလ်တုလက်ကိုင်ဖုန်း (တစ်)လုံးနှင့် အားသွင်းစက် (၁) ခုတို့ကိုလည်း တွေ့ရှိသိမ်းဆီးခဲ့သည်။ ယင်းတယ်လီဖုန်းမှာ တကမ္ဘာလုံးသို့ ဆက်သွယ်နိုင်သည့် ဖုန်းဖြစ်ပြီး၊ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ တရားဝင် ထုတ်ပေးထားသော ဖုန်း မဟုတ်ဟု ဆိုသည်။ ယင်းပစ္စည်းများနှင့်အတူ ကင်နွန်အမျိုးအစား ကင်မရာတစ်ခု အပါအဝင်၊ အခြားသက်သေခံ ပစ္စည်း (၂၂) မျိုးကိုလည်း သက်သေခံ (ဆ) ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ဒုရဲအုပ်ဝင်းကျော်ကပင် ပဲခူးမြို့ရှိ တရားခံအေးမြင့် (ခ) မြင့်အေးမောင်၏နေအိမ်အတွင်းမှ "မြန်မာနိုင်ငံအတွင်း အဓမ္မလုပ်အား" ခေါင်းစဉ်ပါစာအုပ်တို့ကို သက်သေခံ (ဇ) ရှာဖွေပုံစံဖြင့် လည်းကောင်း၊ အမှုတွဲများပါဝင်သည့်ဖိုင်တွဲနှစ်တွဲနှင့် သနပ်ပင်မြို့နယ်တရားရုံး၏ ၂၀၀၀ ပြည့်နှစ်

အမှုအမှတ် –၇၀ အမှုတွဲ (၁) တွဲတို့ကို သက်သေခံ (ဈ) ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပါသည်။ ယင်းစာရွက်စာတမ်းများ၏ ခေတ်ပုံများကို သက်သေခံ (ည) အဖြစ် တင်ပြထားသည်။

ဒုရဲအုပ် ဝင်းကျော်ကပင် ပဲခူးမြို့ရှိ တရာခံမင်းကြည် (ခ) နိုင်မင်းကြည်၏ နေအိမ်မှ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော "ယူနစ်–၁၊ ၂၊ ၃၊ ၄၊ ၅၊ ဖွဲ့စည်းပုံဇယား" စာရွက် (၃)ရွက်၊ ရစ်ချပ်ဟောဆေး ဒုတိယဆက်သွယ်ညှိနှိုင်းရေးအရာရှိ (အိုင်အယ်အို) ၏ လိပ်စာကပ်မူရင်း (၁) ခုနှင့် မိတ္တူ (၄) ခု၊ မှတ်စုစာအုပ် (၁) အုပ်၊ ဦးမင်းကြည်ထံ လိပ်မူထားသော စာရွက် (၃) ရွက်တို့ကို သက်သေခံ (ဋ) အဖြစ် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ယင်းပစ္စည်းများကို နေအိမ်ဘုရားစင်ရှေ့ မြေဘုရားပုံတူပန်းချီကားနောက်တွင် သိမ်းဆည်းထားခြင်း ဖြစ်ကြောင်း၊ ရှာဖွေပုံစံအရ ပေါ်ပေါက်သည်။ ယင်းသက်သေခံပစ္စည်းများ၏ မှတ်တမ်း ခေတ်ပုံကိုလည်း သက်သေခံ (ဋ–ခ) အဖြစ် တင်ပြထားသည်။ ထို့အပြင် တရားခံ ဦးအေးမြင့်၏အိမ်မှပင် မှတ်စုစာအုပ် (၁)အုပ် အပါအဝင် သက်သေခံ ပစ္စည်း (၁၃) မျိုးကို သက်သေခံ (ဌ) အဖြစ်လည်းကောင်း၊ တရားခံ ဦးမင်းကြည်၏အိမ်မှပင် စာရွက်စာတမ်း (၁၆) မျိုးတို့ကို သက်သေခံ (ဍ) အဖြစ်လည်းကောင်း ဒုရဲအုပ် ဝင်းကျော်က သိမ်းဆည်းခဲ့သည်။

ကိုသန်းထွန်း (လိုပြ–၅) က ၄င်းသည် ကားဝယ်ရန်အတွက် တရာခံရွှေမန်းနှင့်အတူ ရန်ကုန်မြို့ရှိ မွန်ပြည်သစ် ရာမည အင်တာနေရှင်နယ်ရုံးတွင် စုံစမ်းရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရုံးတွင် ရာမညအင်တာနေရှင်နယ် လီမီတက်ဟု ရေးသားထားကြောင်း၊ ရောင်းမည့်ကားကို စောင့်နေစဉ်၊ တရားခံရွှေမန်းက ခေါ်ဆောင်သွားသဖြင့် ကျိုင်းတုံစားသောက်ဆိုင်သို့ပါသွားကြောင်း၊ ယင်းဆိုင်တွင် အဘဆိုသူနှင့် လူ (၄) ဦး တွေ့ရပြီး မိတ်ဆက်ခဲ့ကြောင်း၊ အဘဆိုသူက နိုင်ငံရေး လှုပ်ရှားမှုများအကြောင်း နှင့် အမေရိကန်မှ ဖိအားပေးသည့်ကိစ္စကို ပြောဆိုခဲ့ကြောင်း၊ ၄င်း၏အခန်းတွင် လိုက်ပါရန်ခေါ်သဖြင့် လိုက်သွားခဲ့ရာတွင် လူမနေသည့် အခန်းဟောင်းတခုဖြစ်နေပြီး ဖောက်ခွဲရေး ပစ္စည်းများကို တွေ့ရကြောင်း၊ ယင်းအခန်းထဲသို့အရောက်တွင် မိမိအဖမ်းခံရကြောင်း၊ ၄င်းနှင့်အတူ နိုင်ယက္ခ (ခ) နေဝင်း၊ ရွှေမန်း၊ မျိုးထွေး၊ အောင်လွန်းတို့ အဖမ်းခံရကြောင်း ထွက်ဆိုသွားသည်။

ရဲအုပ် ကျော်ကျော်လှိုင် (လိုပြ–၅) မှာ အမှုစစ်အရာရှိဖြစ်သည်။ တရာခံအသီးသီးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ် မ ၁၂၂ (၁) အရ စွဲချက်တင်ခဲ့ရာ အပြစ်မရှိကြောင်း အသီးသီးငြင်းဆိုခဲ့ပြီး သက်သေကဲ့သို့ အစစ်ခံကြသည်။

တရားခံ နိုင်ယက္ခ (ခ) နေဝင်းက (ခံပြ–၁) အဖြစ်ထွက်ဆိုရာတွင် ၄င်းသည် မွန်ပြည်သစ်ပါတီတွင် လခစား ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း၊ နိုင်သန်းအောင်ဆိုသူ၏ မိတ်ဆက်ပေးမှုအရ ဦးမျိုးချစ်ဆိုသူအား သိရကြောင်း၊ ၂၀၀၃ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်နေ့တွင် ဦးမျိုးချစ်ရောက်ရှိလာပြီး၊ ပုံများအကြောင်း၊ နားလည်ကျွမ်းကျင်သူနှင့် ဆက်သွယ်လိုသည်ဟုပြောကြောင်း၊ ထိုနောက် ၄င်း နှင့် ရွှေမန်း၊ မျိုးထွေး (ခ) ချင်းဂကောင်း၊ အောင်လွန်း တို့သည် ရန်ကုန်မြို့သို့ ဦးမျိုးချစ်နှင့်အတူ လိုက်လာခဲ့ကြကြောင်း၊ ရန်ကုန်မြို့ရှိ ဘုန်းကြီးကျောင်းတကျောင်းသို့ သွားရောက်ပြီး ကွန်ပျူတာ၊ လက်နှိပ်စက်၊ မိတ္တူကူးစက်များ လှူဒါန်းလိုကြောင်းပြောကြားပြီး ဦးမျိုးချစ်၏ တိုက်ခန်းသို့ ပြန်အရောက်တွင် မိမိတို့အဖမ်းခံရကြောင်း၊ ၄င်းတွင်အပြစ်မရှိကြောင်း တင်ပြသွားသည်။

တရာခံရွှေမန်း (ခ) ဇေယျာဦးက (ခံပြ–၂) အဖြစ် ထွက်ဆိုရာတွင် ၄င်းနှင့် သန်းထွန်းတို့အား နိုင်ယက္ခမှ တယ်လီဖုန်းဖြင့်ဆက်၍ ခေါ်သဖြင့် ရန်ကုန်သို့ ရောက်ရှိလာကြကြောင်း၊ ရန်ကုန်တွင် နိုင်ယက္ခက ဦးမျိုးချစ်ဆိုသူနှင့်မိတ်ဆက်ပေးကြောင်း၊ ဦးမျိုးချစ်၏ တိုက်ခန်းထဲသို့ အဝင်တွင် အဖမ်းခံရကြောင်း ထွက်ဆိုသည်။

တရာခံဇာနိုင်ထွန်း (ခ) ဖြူလေးက (ခံပြ-၃) အဖြစ် ထွက်ဆိုရာတွင် ၎င်းအား ဦးလေးဖြစ်သူ ဦးသန်းနိုင် (ခ) ရဲသီဟ ဆိုသူက ဘောပင်တစ်ချောင်းနှင့် အပြားနှစ်ပြားကို ခေတ္တ အပ်ထားခဲ့ခြင်းသာ ဖြစ်ကြောင်း၊ သန်းနိုင် (ခ) ရဲသီဟမှာ ခရီးထွက်သွားပြီးပြန်လာလျှင် လာယူမည်ဟုပြောခဲ့ကြောင်း၊ ထို့နောက် သန်းနိုင် (ခ) ရဲသီဟက မိမိထံ ထိုင်းနိုင်ငံမှ ဖုန်းဆက်ပြီး ဦးမျိုးချစ်ဆိုသူအား ဆက်သွယ်၍၎င်းအပ်ထားသော ဘောလ်ပင်နှင့် အပြားများကို ပေးအပ်လိုက်ရန်မှာ မှာကြားခဲ့ကြောင်း၊ ထို့နောက် ဦးမျိုးချစ်ထံမှ ဖုန်းကိုစောင့်ရန်ပြော၍ ရဲသီဟက ဖုန်းချသွားကြောင်း၊ ခဏအကြာတွင် အမျိုးသမီးတဦးက မိမိထံဖုန်းဆက်၍ ဦးမျိုးချစ်၏ ဖုန်းနံပါတ်ကိုပေးကြောင်း၊ ဦးမျိုးချစ်ထံ ဖုန်းဆက်သည့်အခါ ယုဇနပလာဇာသို့ချိန်းဆိုသဖြင့် သွားရောက်တွေ့ဆုံခဲ့ကြောင်း၊ ဦးမျိုးချစ်က ၎င်းသည် အရပ်ရှည်ရှည်၊ နဖူးပြောင်ပြောင် ကုလားဆင်ဖြစ်၍ အကျီအဖြူနှင့် မျက်မှန်တပ်လာမည် ဖြစ်ကြောင်း ပြောပြီး၊ မိမိက အကျီအနီ၊ ဦးထုပ်အပြာဆောင်း၍ ပလက်ဖောင်းတွင်စောင့်နေမည်ဟု ချိန်းဆိုခဲ့ကြောင်း၊ ဦးမျိုးချစ်နှင့် တွေ့သည့်အခါ သန်းနိုင် (ခ) ရဲသီဟ အပ်ထားခဲ့သော ပစ္စည်းများကို တောင်းပြီး၊ ဖောက်ခွဲရေး လုပ်ငန်းများကို လုပ်ပေးရန်ပြောဆိုကြောင်း၊ ထိုအခါမှ မိမိထံမှာအပ်ထားသည့် ပစ္စည်းများမှာ ဖောက်ခွဲရေးပစ္စည်း များဖြစ်ကြောင်း သိရှိရကြောင်း၊ ထို့နောက် ဖောက်ခွဲရေး ပစ္စည်းများ ယူရန် ဦးမျိုးချစ်ထည့်လိုက်သော လူနှင့်အတူ သွားရောက်စဉ် အဖမ်းခံရခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။

ဇော်မျိုးထက် (ခ) ဇော်ဇော်က (ခံပြ- ၄) အဖြစ်ထွက်ဆိုရာတွင် ဇာနိုင်ထွန်း (ခ) ဖြူလေးမှာ ၎င်း၏သူငယ်ချင်း ဖြစ်ကြောင်း၊ ၎င်းမှ စရိတ်ခံပြီး ခေါ်ဆောင်၍ ၎င်းနှင့်အတူ ပုဂံသို့ ဘုရားဖူး သွားခဲ့ကြောင်း၊ နောက်ပိုင်းတွင် ထောက်လှမ်းရေးမှ တာဝန်ရှိသူများက ဇာနိုင်ထွန်း (ခ) ဖြူလေးကို သိလားဟု လာရောက်မေးမြန်းရာ မိမိကသိသည်ဟုပြောသဖြင့် အဖမ်းခံရခြင်းဖြစ်ကြောင်း ထွက်ဆိုသွားသည်။

မျိုးထွေး (ခ) ချင်းဂကောင်းက (ခံပြ-၅) အဖြစ်ထွက်ဆိုရာတွင် ၎င်းသည် မွန်ပြည်သစ်ပါတီတွင် တပ်ကြပ်ကြီး စာရေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာမှ နှုတ်ထွက်ပြီး ပင ရွာတွင် သွားရောက် နေထိုင်ကြောင်း၊ ယင်းရွာတွင် မိမိအလုပ်ရှာနေစဉ် နိုင်ယက္ခ (ခ) နေဝင်းနှင့် ဦးမျိုးချစ်တို့ရောက်ရှိလာပြီး၊ နိုင်ယက္ခက ဦးမျိုးချစ်နှင့် မိတ်ဆက်ပေးကြောင်း၊ ဦးမျိုးချစ်က ၎င်း၏ကုမ္ပဏီတွင် အလုပ်လုပ်ရန်ပြောပြီး ရန်ကုန်ရောက်လျှင် ၎င်း၏တပည့်များအား ဗုံးတပ်ဆင်နည်း၊ ဖောက်ခွဲနည်းများကို ပြသပေးရန်ပြောရာ မိမိက လက်မခံကြောင်း၊ နိုင်ယက္ခကဝင်ပြီး မွန်ဘာသာဖြင့် အလုပ်ကိုလက်ခံ၍ ဗုံးများကို တကယ်ဖောက်ခွဲမရအောင်သင်ကြားပေးရန်ပြောခဲ့ကြောင်း၊ နောက်တနေ့တွင် မိမိသည် မော်လမြိုင်သို့ လိုက်သွားပြီး နိုင်ယက္ခ၊ ဦးမျိုးချစ်၊ အောင်လွန်းတို့နှင့်အတူ ရန်ကုန်သို့လာရောက်ခဲ့ကြကြောင်း၊ ရန်ကုန်တွင် ဦးမျိုးချစ်၏တပည့်နှစ်ယောက်အား မိုင်းထောင်ပုံထောင်နည်းများ ပြောပြခဲ့ရကြောင်း၊ ရန်ကုန်တွင်ပင် မိမိတို့အဖမ်းခံခဲ့ရကြောင်း ထွက်ဆိုသွားသည်။

မင်းကြည်(ခ) နိုင်မင်းကြည်က (ခံပြ-၆) အဖြစ် အစစ်ခံရာတွင် ၎င်းသည် အထက်တန်း ရှေ့နေ တဦးဖြစ်ကြောင်း၊ ၁၉၉၇ ခုနှစ်လောက်က မြန်မာနိုင်ငံတွင် အဓမ္မစေခိုင်းနေခြင်း နှင့် ပတ်သက်သည့် တိုင်ကြားစာတစောင်ကို အိုင်အယ်လ်အိုသို့ ရေးခဲ့ဖူးကြောင်း၊ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလတွင် ရွှေမန်း (ခ) ဇေယျာဦးသည် မိမိအိမ်သို့ ရောက်ရှိလာကြောင်း၊ ၎င်းမှတဆင့် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂနှင့် အဆက်အသွယ် ရရှိခဲ့ကြောင်း၊ ၁၉၉၇ ခုနှစ်တွင် ရေးသားခဲ့သောစာကို ၂၀၀၁ ခုနှစ်ရောက်မှ ရွှေမန်း (ခ) ဇေယျာဦးမှတဆင့် အိုင်အယ်လ်အိုသို့ ပို့ပေးခဲ့ကြောင်း၊ နောက် (၂) လခန့်အကြာတွင် အိုင်အယ်လ်အိုထံမှ အိုင်အယ်လ်အို၏ရည်ရွယ်ချက်။ လုပ်ဆောင်ချက်များနှင့် ပတ်သက်သည့် စာရွက်တရွက်နှင့် စာအုပ်တအုပ်တို့ကို ပေးပို့ခဲ့ကြောင်း၊ ယင်းစာအုပ်မှာ တရားခံ အေးမြင့်ထံမှသိမ်းဆည်းရမိသည့် စာအုပ်ဖြစ်ကြောင်း၊ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလတွင် ရွှေမန်း (ခ)

ဇေယျာဦးထံမှတဆင့် မြန်မာနိုင်ငံအလုပ်သမားသဂ္ဂအဖွဲ့မှ ဦးမောင်မောင်နှင့် တွေ့ဆုံခဲ့ကြောင်း၊ မိမိက ဦးမောင်မောင်အား မြန်မာနိုင်ငံရှိ လယ်သမား၊ အလုပ်သမားများ၏ အခြေအနေကိုပြောပြခဲ့ရာ ယင်းအချက်များကို ပြည်ပအသံလွှင့်ဌာနမှ အသံလွှင့်သည်ဟု သိရကြောင်း ထွက်ဆိုသွားသည်။

ဇော်သက်ထွေး (ခ) သက်ဇော်က (ခံပြ–၇) အဖြစ်ထွက်ဆိုရာ " Eleven Sport " ဂျာနယ်၏ အယ်ဒီတာ ချုပ်ဖြစ်ကြောင်း၊ မိမိထံသို့ တဖက်နိုင်ငံရှိ မိတ်ဆွေတဦးဖြစ်သော လွှမ်းနီ (ခ) ကျော်ကျော်က ဖုန်း (၄) ကြိမ် ဆက်သွယ်သည်ကို ပြန်ပြောခြင်းသာ ပြုခဲ့ကြောင်း၊ တယ်လီဖုန်း ဆက်သွယ်သည်မှာလည်း နိုင်ငံရေးကိစ္စမပါဘဲ၊ လူမှုရေးကိစ္စများသာဖြစ်ကြောင်း၊ နောက်ပိုင်းတွင် မိမိက ၎င်းအား ဖုန်းမဆက်ရန်ပြောခဲ့ကြောင်း၊ မိမိထံသို့ မြဝတီမှ ဦးမျိုးချစ်ဆိုသူက ဂျာနယ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသည်ဟု ပြောခဲ့ကြောင်း၊ သို့သော် ငွေပေးသွင်းခြင်းမရှိသဖြင့် မိမိ လက်မခံခဲ့ကြောင်း၊ နောက်ဆုံးအကြိမ်တွင် ဦးမျိုးချစ်က လွှမ်းနီ (ခ) ကျော်ကျော် ထံမှ စာတစောင် ယူလာကြောင်း၊ ယင်းစာတွင် ဗွီစီဒီအခွေနှင့် တိတ်ခွေများကို ဦးမျိုးချစ်နှင့် ပေးလိုက်နိုင်ကြောင်း ပါရှိ၍ မိမိက ဆုတ်ဖြဲပစ်ခဲ့ကြောင်း၊ လွှမ်းနီ (ခ) ကျော်ကျော်၏ ဖုံးနံပါတ်မှာမူ မိမိပိုက်ဆံအိတ်ထဲတွင် ကျန်ခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

အောင်လွှန်းက (ခံပြ–၈) အဖြစ် ထွက်ဆိုရာ၌ ၎င်းသည်ဂျာနယ်တခုတွင် ကိုယ်စားလှယ် ရမည်ဟု နိုင်ယက္ခ (ခ) နေဝင်းက ပြောပြီး ခေါ်လာသဖြင့် နိုင်ယက္ခနှင့်အတူ ရန်ကုန်သို့လိုက်ပါခဲ့ကြောင်း၊ ရန်ကုန်တွင် ဦးမျိုးချစ်၊ နိုင်ယက္ခ၊ ချင်းဂကောင်း ဆိုသူတို့နှင့်အတူ ဘုန်းကြီးကျောင်း တကျောင်းသို့သွားရကြောင်း၊ ဘုန်းကြီးကျောင်းမှတဆင့် အိမ်တအိမ်သို့ ဦးမျိုးချစ်မှခေါ်သွားကြောင်း၊ အိမ်ရှေ့တွင်ကားရပ်ပြီး မိမိအား ကားပေါ်တွင်ထားခဲ့ကြောင်း၊ (၅) မိနစ်ခန့်အကြာတွင် ဦးမျိုးချစ်က နိုင်ယက္ခထံ ပိုက်ဆံယူသွားပေးရန်ပြောသဖြင့် မိမိသွားပြီး၊ တံခါးဝအရောက်တွင် လက်ဆွဲ၍ အပေါ်ထပ်သို့ ခေါ်သွားခြင်းခံရကြောင်း၊ ယင်းအခန်းတွင် မိမိ၊ နိုင်ယက္ခ၊ ရွှေမန်း၊ ချင်းဂကောင်းနှင့် ကိုသန်းထွန်းတို့ (၅) ဦး အဖမ်းခံရကြောင်း ထွက်ဆိုသည်။

အေးမြင့် (ခ) မြင့်အေးမောင်က (ခံပြ–၉) အဖြစ် ထွက်ဆိုရာတွင် ၎င်းသည် လွန်ခဲ့သော အနှစ် (၃၀) ခန့်မှစ၍ မင်းကြည် (ခ) နိုင်မင်းကြည်နှင့် ရင်းနှီးခဲ့ကြောင်း၊ မင်းကြည်သည် အရေးအခင်း ပြီးသည့် နောက်ပိုင်းတွင် အထက်တန်း ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိအနေဖြင့် ၎င်းသည် တရားမဝင် အဖွဲ့အစည်းများနှင့် ဆက်သွယ်နေသည့် ပုဂ္ဂိုလ်ဖြစ်သည်ဟု မသိရှိရကြောင်း၊ မိမိထံမှ စာရွက်စာတမ်းများ သိမ်းဆည်းစဉ်က ဦးမင်းကြည်၏ဖော် ထုတ်ချက်အရ “အခမ့်လုပ်အား ပေးစာအုပ်” ရှိမရှိ မေးမြန်းရာ ရှိကြောင်းပြော၍ သားဖြစ်သူက လက်မှတ်ရေးထိုးအပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မစ္စတာ ရစ်ချက်ဟော့ဆေး၏ လိပ်စာကဒ်မှာ တရားဝင်လိပ်စာကဒ်ဖြစ်သည်ဟု ယုံကြည်သဖြင့် လက်ခံထားခဲ့ခြင်း ဖြစ်ကြောင်း ထွက်ဆိုသည်။

တရားခံများအနက် တရားခံ ဇော်သက်ထွေး (ခ) သက်ဇော်က ၎င်း၏ဇနီး မခိုင်ချိုဇော်ဝင်းတင့်အား သက်သေအဖြစ် တင်ပြထားသည်။ မခိုင်ချိုဇော်ဝင်းတင့်က ၎င်း၏ခင်ပွန်းမှာ “Eleven Sport” ဂျာနယ်တွင် အယ်ဒီတာ ချုပ်ဖြစ်ပြီး၊ ဗွီဒီယိုရိုက်ကူးခြင်း၊ ဇာတ်ညွှန်းရေးသားခြင်း၊ ဝတ္ထုဆောင်ပါးများ ရေးသာခြင်း စသည့် အလုပ်များကိုသာပြုလုပ်ပြီး၊ နိုင်ငံရေးကို လုံးဝမလုပ်တော့ကြောင်း၊ ယင်းအလုပ်များဖြင့် အားလပ်ချိန်မရှိကြောင်း၊ ၎င်းတို့ (၂) ဦးမှာ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့တွင် လက်ထပ်ခြင်း ဖြစ်ပြီး သီးခြားတိုက်ခန်းဖြင့် နေထိုင်ကြောင်းထွက်ဆိုသည်။

ကျန်တရားခံများက သက်သေတင်ပြခြင်းမရှိပေ။

နှစ်ဖက်လျှောက်လဲချက်ပေးရာတွင် ဥပဒေအရာရှိက တရားခံများသည် ပြစ်မှုထင်ရှားသဖြင့် စွဲချက်တင်ထားသည့် ဥပဒေပုဒ်မများအရ ပြစ်မှုထင်ရှားစီရင်ပြီး ထိရောက်ဟန့်တားလောက်သော ပြစ်ဒဏ်ချမှတ်ပေးရန်လျှောက်လဲ တင်ပြသည်။ မင်းကြည် (ခ) နိုင်မင်းကြည်နှင့် အေးမြင့် (ခ) မြင့်အေးမောင်တို့က ရုံးတော်၏ သဘောအရပင်ဖြစ်ကြောင်း လျှောက်လဲသည်။ ကျန်တရားခံများကမူ ၎င်းတို့တွင် အပြစ် မရှိကြောင်းနှင့် အမှုမှ တရားသေလွှတ်ပေးရန် တင်ပြလျှောက်လဲသည်။

အမှတ် (၁) တရားခံ နိုင်ယက္ခ (ခ) နေဝင်းနှင့်စပ်လျဉ်း၍ သုံးသပ်ရာတွင် ၎င်းသည် နိုင်ငံတော်နှင့် ငြိမ်းချမ်းရေးရယူထားသည့် မွန်ပြည်သစ်ပါတီတွင် ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ရာမှ နုတ်ထွက်ခဲ့သူဖြစ်သည်။ ၎င်းကိုယ်တိုင်သက်သေ အစစ်ခံချက်အရပင် ၂၀၀၃ ခုနှစ် ဇူလိုင်လ(၁၀) ရက်နေ့တွင် ၎င်းရှိရာသို့ ဦးမျိုးချစ်ဆိုသူရောက်လာပြီး ဗုံးများအကြောင်းနားလည်းကျွမ်းကျင်သူနှင့် ဆက်သွယ်လိုသည်ဟု ပြောဆိုကြောင်း၊ ထို့နောက်၎င်းနှင့် ဤအမှုမှ ပူးတွဲတရားခံများဖြစ်ကြသော ရွှေမန်း (ခ) ဇေယျာဦး၊ မျိုးထွေး (ခ) ချင်းဂကောင်း၊ အောင်လွှမ်းတို့သည် ရန်ကုန်မြို့သို့ ဦးမျိုးချစ်နှင့် အတူ လိုက်ပါလာခဲ့ကြကြောင်း၊ ဦးမျိုးချစ်အခန်းတွင် တရားခံနှင့် ပူးတွဲတရားခံ ရွှေမန်း (ခ) ဇေယျာဦး၊ မျိုးထွေးနှင့် အောင်လွှမ်းတို့ကို ဗုံးများပါသော သေတ္တာနှင့်အတူ တွေ့ရှိရကြောင်း ထင်ရှားပေါ်ပေါက် ပေသည်။ သက်သေခံ (စ) ရှာဖွေပုံစံဖြင့် လက်ပစ်ဗုံး (၃) လုံး၊ ပေါက်ကွဲမှုပြင်းထန်သော ယမ်းပြားပါဝင်သည့် ပလတ်စတစ်ဗုံး (၂) လုံးနှင့် ဓာတ်ပုံအယ်လ်ဘမ်ဗုံး (၃) ခု၊ ကွန်ပါဘူး (၂) ဘူး သိမ်းဆီးရာတွင် လက်မှတ်ရေးထိုးပေးအပ်ခဲ့သူမှာ တရားခံ နိုင်ယက္ခ (ခ) နေဝင်းဖြစ် ပေသည်။

ထို့ပြင် ယင်းချိန်ကိုက်ဗုံးများအား တပ်ဆင်အသုံးပြုပုံကိုလည်း သက်သေခံ (စ–ဇ) ဓာတ်ပုံဖြင့် သရုပ်ပြထားသည်ကိုလည်း တွေ့ရှိရပေသည်။ အထက်ပါသက်သေခံ အထောက်အထားများအပြင် သက်သေခံ (ခ) အဖြစ် တင်ပြထားသော စစ်ဆေးတွေ့ရှိချက်များအရ တရားခံ နိုင်ယက္ခ (ခ) နေဝင်းသည် ပြည်ပရှိဆန့်ကျင်ဘက် အဖွဲ့အစည်းများနှင့် ဆက်သွယ်လှုပ်ရှားခဲ့ကြောင်း၊ အစိုးရ ဆန့်ကျင်ရေး၊ လူထုအုံကြွမှုဖြစ်ပေါ်စေရေးအတွက် ယူဂျီလုပ်ငန်းများကို ကျယ်ပြန့်စွာ လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်တွင်းတွင် ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်ရန် ကိုယ်တိုင်ဦးဆောင်ပြီး၊ ကျွမ်းကျင်သူများအား စုစည်းခြင်း၊ နိုင်ငံတော် အကြီးအကဲများ၏ နေအိမ်အချို့အား ကြည့်ရှု မှတ်သားခြင်းများကို ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။ ပုဂံရွှေဟောင်းသုတေသနပြတိုက်တွင် ချိန်ကိုက်ဗုံး ထောင်ခြင်း၊ မြို့တော်ခန်းမ နှင့် သုရဲကောင်းစစ်သည်ဗိမ္မာန်တို့တွင် ဗုံးထောင်ရန် ဆောင်ရွက်ခဲ့ခြင်းများကိုလည်း တွေ့ရှိရသည်။ တရားခံက ၎င်းသည် ဦးမျိုးချစ်အား အထက်ပါ လုပ်ငန်းများအတွက် အမှန်တကယ် ဆောင်ရွက်ပေးခြင်းမဟုတ်ဘဲ အလုပ်မဖြစ်အောင် တမင် လုပ်ဆောင်ခဲ့ပါသည်ဟူသော တင်ပြချက်မှာ ယုံကြည်ဖွယ်ရာ မရှိပေ။ ထို့ကြောင့် ၎င်းအား စွဲချက်အတိုင်း ပြစ်မှုထင်ရှား စီရင်ရန်သာရှိပေသည်။

(၂–တရားခံ) ဖြစ်သော ရွှေမန်း (ခ) ဇေယျာဦးနှင့် (၅–တရားခံ) ဖြစ်သော မျိုးထွေး (ခ) ချင်းဂကောင်း၊ (၈–တရား) ဖြစ်သော အောင်လွှမ်းတို့မှာလည်း (၁–တရားခံ) ဖြစ်သူ နိုင်ယက္ခနှင့်အတူ ပူးပေါင်း ဆောင်ရွက်နေစဉ် ဖမ်းဆီးမိခဲ့ကြသူများဖြစ်ပေသည်။

တရားခံ ရွှေမန်း (ခ) ဇေယျာဦးထံမှ တကမ္ဘာလုံးသို့ဆက်သွယ်နိုင်သည့် ဂြိုလ်တုလက်ကိုင်ဖုန်း (၁) လုံး နှင့် အားသွင်းစက်အပါအဝင် သက်သေခံပစ္စည်း (၂၂) မျိုးကို သက်သေခံ (ဆ) ရှာဖွေပုံစံဖြင့် သိမ်းဆီးရမိခဲ့သည်။ ဂြိုလ်တုလက်ကိုင်ဖုန်းမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တရားဝင် ထုတ်ပေးထားသော တယ်လီဖုန်း မဟုတ်ပေ။ အထက်ပါ တွေ့ရှိချက်အရ တရားခံရွှေမန်း (ခ)

ဇေယျာဦးသည် ပြည်ပအဖွဲ့အစည်းများနှင့် ဂြိုလ်တုလက်ကိုင်ဖုန်းဖြင့် ဆက်သွယ် ဆောင်ရွက်နေသူဖြစ်ကြောင်း ယူဆနိုင်ပေသည်။

ရွှေမန်း (ခ) ဇေယျာဦးသည် (၆–တရားခံ) ဖြစ်သော မင်းကြည် (ခ) နိုင်မင်းကြည်အား တဖက်နိုင်ငံသို့ ခေါ်ဆောင်သွားပြီး ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံပေးခြင်း၊ နိုင်ငံတော်အစိုးရနှင့် ပတ်သက်သည့် မမှန်သတင်းပေးခြင်းများကို ဂြိုလ်တုလက်ကိုင်ဖုန်းဖြင့် ပေးပို့ခဲ့သဖြင့် ပြည်ပ အသံလွှင့်ဌာနများမှ အသံလွှင့်ပေးခဲ့သည်များကိုလည်း တွေ့ရှိရသည်။

မျိုးထွေး (ခ) ချင်းဂကောင်းသည် နိုင်ငံတော်အကြီးအကဲများ၏နေအိမ်များသို့ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများလုပ်ကိုင်ရန် သွားရောက်ကြည့်ရှုခဲ့သူဖြစ်သည့်အပြင် ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ လုပ်ကိုင်ရန် သင်တန်းပို့ချပေးခြင်းကိုလည်း လုပ်ခဲ့ကြောင်း တွေ့ရှိရသည်။ တရားခံ အောင်လွှမ်းမှာလည်း နိုင်မင်းကြည်နှင့်အတူ နိုင်ငံတော်အကြီးအကဲများ၏အိမ်များအား သွားရောက် ကြည့်ရှုရာတွင် ပါဝင်သူ ဖြစ်ကြောင်း၊ ၎င်းသည် တပ်ပြေတဦးဖြစ်ပြီး ယိုးဒယားနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ခြင်း၊ နိုင်ယက္ခ (ခ) နေဝင်း၏ စည်းရုံးသိမ်းသွင်းမှုကြောင့် ယူဂျီတဦးအဖြစ်ဖြင့် ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများဆောင်ရွက်ရန် ကိစ္စများတွင် ပါဝင်ကြောင်း တွေ့ရှိရသည်။

ယင်းတရားခံများက နိုင်ယက္ခ (ခ) နေဝင်းကဲ့သို့ပင် ဦးမျိုးချစ်နှင့် အမှန်တကယ် ပူးပေါင်းဆောင်ရွက်ခြင်း မပြုပါဟု ခုခံထားကြသော်လည်း၊ ယင်းတို့၏ခုခံချက်များကို လက်ခံရန်အကြောင်းမရှိပေ။ ထို့ကြောင့် ၎င်းတို့ကိုလည်း ပြစ်မှုထင်ရှားစီရင်ရန်သာရှိပေသည်။

(၃–တရားခံ) ဇာနိုင်ထွန်း (ခ) ဖြူလေးသည် ၂၁–၅–၀၃ ရက်နေ့တွင် ပုဂံမြို့ ရှေးဟောင်းသုတေသနပြတိုက်၌ ချိန်ကိုက်ဗုံးထောင်ခဲ့သူဖြစ်ကြောင်းနှင့် သက်သေခံ (ခ) စစ်ဆေးချက်၌ ပေါ်ပေါက်ပေသည်။ ထို့အပြင် ၎င်း၏ဦးလေးဖြစ်သူ သန်းနိုင် (ခ) ရဲသီဟ ပေးအပ်ခဲ့သော ဘောလ်ပင်ဗုံးနှင့် ယမ်းပြား ၂ ပြားကို လက်ခံထားခဲ့ပြီး ဦးမျိုးချစ်နှင့်ဆက်သွယ်၍ လွှဲပြောင်းပေးအပ်ရန် စီစဉ်ခဲ့သူ ဖြစ်ကြောင်းလည်း တွေ့ရှိရသည်။ အဆိုပါ သန်းနိုင် (ခ) ရဲသီဟမှာ မြန်မာ့လေကြောင်းပိုင် လေယာဉ်အား ပြန်ပေးဆွဲမှုတွင် ပါဝင်ခဲ့သူဖြစ်သည်။ ထို့အပြင် ၎င်းသည် ရန်ကုန်မြို့တော်ခန်းမနှင့် သူရဲကောင်းစစ်သည်ဗိမ္မာန် တို့တွင် ဖောက်ခွဲဖျက်ဆီးရေးများ လုပ်ဆောင်ရန် လိုက်လံ ကြည့်ရှုခဲ့သူ ဖြစ်သည်။ အထက်ပါလုပ်ငန်းများကို ဆောင်ရွက်ရာတွင် (၄–တရားခံ) ဖြစ်သော ဇော်မျိုးထက် (ခ) ဇော်ဇော်နှင့်အတူ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရသည်။ တရားခံက ၎င်းအား ဦးလေးဖြစ်သူ ရဲသီဟ (ခ) သန်းနိုင် ပေးအပ်ခဲ့သော ဘောလ်ပင်နှင့် အပြား ၂ ပြားသည် ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများတွင် အသုံးပြုရန်ဖြစ်ကြောင်း မသိပါဟူ၍ ခုခံခဲ့သည်။ သို့သော် ၎င်းနှင့်ဆက်သွယ်သူ သန်းနိုင် (ခ) ရဲသီဟသည် ထိုင်းနိုင်ငံတွင်နေထိုင်သော အစိုးရဆန့်ကျင်သူတစ်ဦးဖြစ်ကြောင်း အဆိုပါဘောလ်ပင်နှင့် အပြားများကို ဦးမျိုးချစ်ထံ လွှဲပြောင်း ပေးအပ်နိုင်ရန်အတွက် ဦးမျိုးချစ်ထံမှ တယ်လီဖုန်းဆက်သွယ်မှုကို စောင့်ဆိုင်းရန် သန်းနိုင် (ခ) ရဲသီဟမှ ဖုန်းဆက် မှာကြားကြောင်း၊ ထို့နောက် အမျိုးသမီးတဦးက ၎င်းထံဖုန်းဆက်၍ ဦးမျိုးချစ်ဖုန်းနံပါတ်ကို ပေးခဲ့ကြောင်း၊ ၎င်းပေးသည့် နံပါတ်အတိုင်း ဦးမျိုးချစ်ထံ ဖုန်းဆက်ခဲ့ရာ ယုဇနပလာဇာရှေ့တွင် တွေ့ဆုံရန် ချိန်းဆိုခဲ့ကြောင်း၊ တဦးနှင့်တဦးမြင်လျှင်သိနိုင်ရန် ဦးမျိုးချစ်က ၎င်း၏ပုံသဏ္ဍာန်ကို ပြောပြပြီး အင်္ကျီအဖြူနှင့် မျက်မှန် တပ်ဆင်လာမည်ဟုပြော၍ တရားခံကလည်း အင်္ကျီအနီဝတ်ပြီး ဦးထုပ်အပြာဆောင်းထားမည်ဟု ချိန်းဆိုခဲ့ကြောင်းများကို တွေ့ရှိရသည်။ ထို့ကြောင့် ၎င်း၏ခုခံချက်များကိုလည်း လက်ခံရန် အကြောင်းမရှိဘဲ ပြစ်မှုထင်ရှား စီရင်ရန်သာရှိပေသည်။

(၄–တရားခံ) ဖြစ်သော ဇော်မျိုးထက် (ခ) ဇော်ဇော်မှာလည်း အထက်တွင်ဖော်ပြခဲ့သော ဇာနိုင်ထွန်း (ခ) ဖြူလေး၏ လုပ်ဆောင်ချက်များတွင် ပူးပေါင်းပါဝင်သူဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်ပြီး ဖြစ်သဖြင့် ၎င်းအပေါ်တွင်လည်း ပြစ်မှုထင်ရှား စီရင်ရမည်ဖြစ်ပေသည်။

(၆–တရားခံ) နိုင်မင်းကြည် (ခ) မင်းကြည်သည် အထက်တွင်ဖော်ပြခဲ့သော အမှတ် (၂) တရားခံ ရွှေမန်း (ခ) ဇေယျာဦးနှင့်ပူးပေါင်းဆောင်ရွက်ခဲ့သူဖြစ်ကြောင်း ပေါ်ပေါက်သည်။ ထို့ပြင် ၎င်းသည် အေးမြင့် (ခ) မြင့်အေးမောင် (၈–တရားခံ) အားစည်းရုံးပြီး နိုင်ငံတော်အစိုးရနှင့်ပတ်သက်သည့် မမှန်သတင်းများကို ပြည်ပရှိ တရားမဝင်အဖွဲ့အစည်းများသို့ ပေးပို့ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ ၎င်း၏နေအိမ်မှ အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော "ယူနစ် ၁၊ ၂၊ ၃၊ ၄ ဖွဲ့စည်းပုံဇယား"စာရွက် (၃) ရွက်၊ အိုင်အယ်လ်အို ၏ ဒုတိယဆက်သွယ်ညှိနှိုင်းရေးအရာရှိ ရစ်ချက်ဟောဆေး၏ လိပ်စာကဒ်မူရင်းနှင့် မိတ္တူ (၄)ခုတို့ အပါအဝင် အခြားစာရွက်စာတမ်းများကို သက်သေခံ (ဈ) ရှာဖွေပုံစံဖြင့် သိမ်းဆီးရမိခဲ့သည်။ ယင်းစာရွက်စာတမ်းများကို နေအိမ်ဘုရားစင်၏ မြွေဘုရားပုံတူ ပန်းချီကားနောက်မှ သိမ်းဆီးရမိခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့်၎င်းသည် နိုင်ငံတော်အစိုးရနှင့်သက်ဆိုင်သည့် မမှန်သတင်းများကို အိုင်အယ်လ်အိုသို့ ပေးပို့နေသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်သဖြင့် ၎င်းကိုလည်း ပြစ်မှုထင်ရှား စီရင်ရန်သာရှိပေသည်။

(၇–တရားခံ) ဖြစ်သူဇော်သက်ထွေး (ခ) သက်ဇော်သည် ၎င်း၏ထွက်ဆိုချက်အရပင် လွှမ်းနီ (ခ) ကျော်ကျော်ဆိုသူနှင့် တရားမဝင်ဆက်သွယ်သူဖြစ်ကြောင်း ပေါ်ပေါက်ပြီးဖြစ်သည်။ အဆိုပါ လွှမ်းနီ (ခ) ကျော်ကျော်သည် တဖက်နိုင်ငံရောက် ဆန့်ကျင်ဘက်အဖွဲ့အစည်းဖြစ်သည့် ABSDF အဖွဲ့မှဖြစ်ကြောင်း၊ သက်သေခံ ( ခ–၆ ) စစ်ဆေးချက်အရ ပေါ်ပေါက်ပေသည်။ အဆိုပါ လွှမ်းနီ (ခ) ကျော်ကျော်ထံ မှ စာတစောင်ကို လက်ခံရယူပြီး ဖျောက်ဖျက်ခဲ့ကြောင်းမှာလည်း ၎င်းကိုယ်တိုင်၏ ထွက်ဆိုချက်အရပင် ပေါ်ပေါက်ပေသည်။ တရားခံက လွှမ်းနီ (ခ) ကျော်ကျော်နှင့် ဆက်သွယ်ခြင်းမှာ လူမှုရေးကိစ္စများသာ ဖြစ်ကြောင်း၊ နိုင်ငံရေးကိစ္စမဟုတ်ကြောင်း ခုခံထားသော်လည်း ၎င်း၏ခုခံချက်ကို လက်ခံရန် အကြောင်းမပေါ် ပေါက်ပေ။

(၈–တရားခံ) အေးမြင့် (ခ) မြင့်အေးမောင်သည် (၆–တရားခံ) ဖြစ်သော မင်းကြည် (ခ) နိုင်မင်းကြည်နှင့် ရင်းနှီးသူဖြစ်ကြောင်း၊ ၎င်းကိုယ်တိုင်က ဝန်ခံထားသည်။ ၎င်းထံမှ မြန်မာနိုင်ငံမှ "အဓမ္မလုပ်အားစာအုပ်" အပါအဝင် အခြားစာရွက်စာတမ်းများကို သက်သေခံ (ဇ) ရှာဖွေပုံစံဖြင့် သိမ်းဆီးထားသည်။ ယင်းအချက်ကို ၎င်းကိုယ်တိုင်က ဝန်ခံထားသည်ဖြစ်ရာ ၎င်း၏ထွက်ချက်နှင့် မင်းကြည် (ခ) နိုင်မင်းကြည် ၏ ထွက်ဆိုချက်တို့ကို ဆက်စပ်စဉ်းစားလျှင် ၎င်းသည် မြန်မာနိုင်ငံအစိုးရနှင့် စပ်လျဉ်းသော မမှန်သတင်းများကို ပြည်ပသို့ပေးပို့ရာတွင် နိုင်မင်းကြည်နှင့် ပူးပေါင်း ဆောင်ရွက်သူဖြစ်ကြောင်း ပေါ်ပေါက်သည်။ ၎င်းက နိုင်မင်းကြည်သည် တရားမဝင်အဖွဲ့အစည်းများနှင့် ပူးပေါင်းနေသူဖြစ်ကြောင်း မသိပါဟု ငြင်းဆိုသော်လည်း လက်ခံဖွယ်မရှိပေ။

အထက်ဖော်ပြပါတွေ့ရှိချက်များအရ ယခုအမှုတွင် တရားခံ နိုင်ယက္ခ (ခ) နေဝင်းသည် ဦးဆောင်သူဖြစ်ပြီး၊ ကျန်တရားခံ (၈) ဦးတို့သည် နိုင်ယက္ခ၏ ဦးဆောင်မှုကိုခံယူ၍ ပြည်ပရောက် ဆန့်ကျင်ရေးအဖွဲ့အစည်းများနှင့်ဆက်သွယ်ခြင်း၊ ဖောက်ခွဲရေးလုပ်ငန်းများလုပ်ဆောင်ခြင်း၊ နိုင်ငံတော် အကြီးအကဲများအား လုပ်ကြံရန်ကြံစည်ခြင်း၊ နိုင်ငံတော်အစိုးရနှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီးထားသော သတင်းများကို ပြည်ပရောက်အဖွဲ့အစည်းများသို့ပေးပို့ခြင်းများ ပြုလုပ်ခဲ့သည်မှာ ထင်ရှား ပေါ်ပေါက်ပေသည်။ ယင်းဆောင်ရွက်ချက်များသည် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးသာ

ဖြစ်ပေသည်။ တရားခံများ၏ ပြုမူဆောင်ရွက်ချက်များသည် နိုင်ငံတော်အေးချမ်းသာယာရေးကို ထိပါးစေသည်သာမက အပြစ်မဲ့ပြည်သူများ၏ အသက်စည်းစိမ်အိုးအိမ်များကိုပါ ထိခိုက်ပျက်စီးစေနိုင်သည်ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှားစေပြီး၊ ယင်းအထင်အမြင်လွဲမှားမှုကြောင့် နိုင်ငံတော်နှင့်တကွ ပြည်သူများ၏ ကောင်းကျိုးချမ်းသာကိုပါ ထိခိုက်စေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၃ (ဃ) အရ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုတွင် အကျုံးဝင်သည်။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုသည် အခြားသော ပြစ်မှုများနှင့်မတူဘဲ ကြံစည်သည့် အဆင့်တွင်ပင် ပြစ်မှုမြောက်ကြောင်း ပြဋ္ဌာန်းထားသည်။

ထို့ကြောင့် ပူးပေါင်းကြံစည်ကြသည့်အတိုင်း အထမြောက်အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ပူးပေါင်းကြံစည်ရာတွင် ပါဝင်သူတိုင်းသည် ပုဒ်မ ၁၂၃ (ဃ) အရ ပြစ်မှုမြောက်၍ ပုဒ်မ ၁၂၂ (၁) အရ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့် ပြစ်မှုထင်ရှား ပြစ်ဒဏ်စီရင်ခြင်း ခံရမည်ဖြစ်သည်။

ထိုကြောင့် တရားခံများအပေါ်၊ ပြစ်မှုထင်ရှားစီရင်ရန်သာရှိပေသည်။ သို့ဖြစ်၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်။

## အမိန့်

(ဘ) ဦးကြိုင်၏သားဖြစ်သူ တရားခံ နိုင်ယက္ခ (ခ) နေဝင်း၊ (ဘ) ဦးထောင်ပေ၏သားဖြစ်သူ တရားခံ ရွှေမန်း (ခ) ဇေယျာဦး၊ (ဘ) ဦးသိန်းဝင်း၏သားဖြစ်သူ တရားခံ ဇာနိုင်ထွန်း (ခ) ဖြူလေး၊ (ဘ) ဦးတင်မောင်ဦး၏သားဖြစ်သူ တရားခံ ဇော်မျိုးထက် (ခ) ဇော်ဇော်၊ (ဘ) ဦးအောင်စိန်၏သားဖြစ်သူ တရားခံ မျိုးထွေး (ခ) ချင်းဂကောင်း၊ (ဘ) ဦးသိန်းမောင်း၏သားဖြစ်သူ တရားခံ မင်းကြည် (ခ) နိုင်မင်းကြည်၊ (ဘ) ဦးကိုလေး၏သားဖြစ်သူ တရားခံ ဇော်သက်ထွေး (ခ) သက်ဇော်၊ (ဘ) ဦးဘိုကြီး၏သားဖြစ်သူ တရားခံ အောင်လွန်း၊ (ဘ) ဦးအုန်းမောင်၏သားဖြစ်သူ တရားခံ အေးမြင့် (ခ) မြင့်အေးမောင်တို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ (၁) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက် သဖြင့် သေဒဏ် အသီးသီး ကျခံစေလိုက်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၆၈ (၁) အရ၊ ၎င်းတို့အား မသေမချင်း လည်ပင်းကြိုးကွင်းတပ်၍ သေဒဏ်ပေးရမည်။

သက်သေခံပစ္စည်းများနှင့်ပတ်သက်၍ တရားစွဲအဖွဲ့အစည်းများမှ ဥပဒေနှင့်အညီ စီမံဆောင်ရွက်မည်ဟု သိရခြင်း၊ သက်သေခံပစ္စည်းများကို ရုံးရှေ့ မတင်ပို့ခြင်းတို့ကြောင့်၊ သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ခြင်းမပြု။

ပုံ
ခင်စောညွန့်
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

၂၈၊ ၁၁၊ ၂၀၀၃